# မင်းမြတ်သူရ

## ကျောက်စိမ်းအမိန့်တော်



# နိဒါန်း

တစ်နေ့သ၌ မြန်မာပြည်မြောက်စွန်းဒေသရှိ ကချင်လူမျိုးစု အကြီးအကဲတစ်ယောက်၏ အိမ်၌ ရွာသားများ စည်ကားနေလေ၏။

ထိုသို့စည်ကားနေခြင်းမှာ လူမျိုးစုအကြီးအကဲ၏ မိန်းမ ကလေးမီးဖွားရန်အတွက် ဝိုင်းဝန်းကူညီရန် ရောက်ရှိနေခြင်း ဖြစ်၏။ လူမျိုးစုအကြီးအကဲသည် သူ၏ အိမ်ဂေဟာရှေ့တွင် နတ်ဆရာနှင့်အတူ မအားလပ်နိုင်အောင်ရှိ၏။

နတ်ဆရာသည် လူမျိုးစုအကြီးအကဲကို အနီးတွင် ထား၍ နတ်များကိုဆက်သွယ်ကာ နတ်များ ၏ လိုအင်ဆန္ဒများကို မေးမြန်းနေလေ၏။

ကချင်တို့ ၏ အယူအဆအရ ကလေးမီးဖွားသောနေ့တွင် နတ်များကို ကြက်၊ ဘဲ၊ ဝက် စသည့် တိရစ္ဆာန်များ နှင့် ပူဇော်ရသော ထုံးစံရှိ၏။

လူမျိုးစုအကြီးအကဲသည် ထိုဒေသတွင် အင်အားအလွန်ကြီးသော မုန်းဒူဝါ အမျိုးအနွယ်ဖြစ်သဖြင့် စီးပွားရေးအင်အားတောင့်တင်း၏။

ထို့ကြောင့် ဒူဝါကြီးသည် သူ၏ ကလေးကို ကျန်းကျန်းမာမာ ဖွားမြင်ရန်သာ စိတ်စောနေပြီး နတ်ဆရာ၏ တောင်းဆိုချက်များကို ဂရုမစိုက်တော့ဘဲ

"ဒီမှာ နီပါ၊ ကလေးကို ကျန်းကျန်းမာမာ မွေးဖွားအောင်သာ ဆုတောင်းပေးစမ်းပါ၊ ကျုပ်ရဲ့ ကလေးကို ယောက်ျားလေးလည်း ဖြစ်ချင်

တယ်၊ ခွန်အားဗလလည်း သန်မာစေချင်တယ်၊ သူရသတ္တိလည်း ကောင်းစေချင်တယ်၊ ဒီလိုဖြစ်အောင် နီပါ ဆုတောင်းပေးပါ၊ နတ်တွေရဲ့ လိုအင်ဆန္ဒအားလုံးကို ပြည့်ဝအောင် ကျုပ်တတ်နိုင်ပါတယ်”

ဟု အားတက်သရော ပြောဆိုလေရာ နတ်ဆရာနီပါက လက်ကာပြ ၍

“စိတ်မပူပါနဲ့ ဒူဝါကြီး၊ အားလုံး အဆင်ပြေအောင် နတ်တွေက စောင့်ရှောက်ပါလိမ့်မယ်၊ ဒူဝါကြီးကလေးအတွက် ပူပင်သောက မဖြစ်ပါနဲ့ ”

ဟု နှစ်သိမ့်လေ၏။

ဒူဝါကြီးသည် နတ်ဆရာ၏ နှစ်သိမ့်မှုကို နားထဲသို့ ဝင်ဟန်မရှိဘဲ သူ၏ ကြီးမားကျယ်ပြန့်သော အိမ်ကြီးအတွင်း အလုပ်ရှုပ်နေသော မိန်းမများကို စိတ်လှုပ်ရှားဟန်ဖြင့် ကြည့်ရှုနေလေ၏။

သူ၏ ကလေးကို မီးဖွားပေးရန် နတ်ဆရာက တာဝန်ပေးထားသူမှာ ရွာထဲတွင် ကလေးမွေးဖွားမှုနှင့်ပတ်သက်၍ များ စွာအတွေ့အကြုံရှိသော ဖော့နာကော့ဆိုသည့် မိန်းမ ဖြစ်၏။

ဖော့နာကော့သည် ကလေးမွေးဖွားရာတွင် ကျွမ်းကျင်သူ ဖြစ်၏။

ထို့ကြောင့် ဤတစ်ကြိမ်တွင် သူ၏ ကလေး အောင်အောင်မြင်မြင် ဖွားမြင်နိုင်မည်ဟု ယုံကြည်နေမိ၏။ ယခင်က မွေးဖွားသမျှ ရင်သွေးများ အသက်မရှင်သဖြင့် ဒူဝါကြီးသည် ယနေ့ထက်တိုင် ရင်သွေးမရှိဘဲ ရှိနေလေ၏။

ဒူဝါကြီးသည် သူ၏ အရိုက်အရာကို ဆက်ခံနိုင်ရန် သားယောကျာ်း လေးတစ်ယောက်ကို အလွန်တောင့်တနေမိ၏။

ထိုအခိုက်မှာ ပင် ကလေးငိုသံကြားရ၍ ဒူဝါကြီးသည် အလွန်စိတ်လှု

ပ်ရှားသွားပြီး

"ကလေးမွေးပြီ"

ဟု ကျယ်လောင်စွာ အော်ဟစ်လိုက်၏။

ဒူဝါကြီးသည် စိတ်လှုပ်ရှားလွန်းသဖြင့် ရွာသူမိန်းမများ ထံသို့ သွားရောက်ချင်စိတ်ကို မနည်းထိန်းလိုက်ပြီး

"ကလေးက ယောကျ်ားလား၊ မိန်းမလား၊ မြန်မြန်ပြောစမ်း"

ဟု အမိန့်ပေး လိုက်လေ၏။

ထိုအခါ ဒူဝါကြီး၏ ကလေးကို ဦးဆောင်၍ မွေးပေးသော ဖော့နာကော့ဆိုသော မိန်းမက ဝမ်းသာအားရဟန်ဖြင့် ပြေးထွက် လာပြီး

"ယောကျ်ားလေး ဒူဝါကြီး၊ ဒူဝါကြီးရဲ့ အရိုက်အရာကိုခံမယ့် ယောကျ်ားလေး"

ဟု အော်ဟစ်ပြောဆိုလိုက်ရာ ဒူဝါကြီးသည် ဝမ်းသာအားရ ရယ်မောလိုက်ပြီး

"ဟား. ဟား ဟား. . . ယောကျ်ားလေး ဟုတ်လား၊ ဒါဆိုရင် ကျုပ်ရဲ့ အရိုက်အရာခံမယ့် သားယောကျ်ားလေးကို ရပြီပေါ့၊ ဝမ်းသာလိုက်တာ ကလေးရဲ့ ကျန်းမာရေးအခြေအနေ ဘယ်လိုရှိလဲ"

ဟု မေးမြန်း လိုက်လေ၏။

ထိုအခါ ဖော့နာကော့က

"ကလေးရဲ့ ကျန်းမာရေး သိပ်ကောင်းတယ်၊ ထွားလည်း အတော်ထွားတယ်၊ ရုပ်ရည်နဲ့ အသားအရောင်ကလည်း အလွန်ကောင်းတယ်၊ ဒူဝါဖြစ်မယ့်ကလေးဆိုတာ သေချာပါတယ်"

ဟု ပြောဆိုလေရာ ဒူဝါကြီးသည် အလွန်ပျော်ရွှင်သွားပြီး နတ်ဆရာ နီပါ ဘက်သို့လှည့်ကာ

"နီပါ ဒီနေ့ဟာ ကျုပ်အတွက် နေ့ထူးနေ့မြတ်ပဲ၊ ကျုပ် အနှစ်နှစ်အလ လ မျှော်လင့်စောင့်စားခဲ့တဲ့ စိတ်ကူးယဉ်အိပ်မက်တွေ အကောင်အထ ည်ပေါ်ပြီ၊ နတ်တွေကို နီပါ စိတ်တိုင်းကျပူဇော်ပေတော့"

ဟု ပြောဆိုလေ၏။

ထိုအခါ နတ်ဆရာနီပါက ခေါင်းညိတ်၍

"ဒါဆိုရင် ကျထောင်ထူ အခမ်းအနား လုပ်ရတော့မှာ ပေါ့၊ ဒူဝါရဲ့ သား ကျထောင်ထူဆိုတော့ အတော်ကြီးကျယ်ခမ်းနားမယ်"

ဟု ပြောဆိုလေရာ ဒူဝါကြီးက လက်ကာပြ၍

"ကြိုက်သလို ကြီးကျယ်ခမ်းနားနိုင်တယ်၊ ဒီနေ့ဟာ ကျုပ်အတွက် တော့ ကောင်းချီးမင်္ဂလာနဲ့ ပြည့်စုံတဲ့ နေ့ပဲ"

ဟု ဝမ်းသာအားရ ပြောဆိုလေ၏။

နတ်ဆရာ နီပါပြောသော ကျထောင်ထူအခမ်းအနားဆိုသည် မှာ မီး ဖွားသောနေ့တွင် ပြုလုပ်ရသော ကလေးမျက်နှာမြင် အခမ်းအနား ဖြစ် ၏။

ထိုအခမ်းအနားတွင် ဧည့်ပရိသတ်အား ခေါင်ရည်၊ အရက်နှင့် ကြက် သား၊ ဝက်သား၊ အမဲသား စသည် ဖြင့် အစားအသောက်များ စုံလင်စွာ ဧ ည့်ခံလေ့ရှိ၏။

ကလေးမိဘ၏ ကြီးကျယ်ခမ်းနားမှုရှိလျှင် ရှိသလို ကျထောင်ထူ အ ခမ်းအနားများ ကြီးကျယ်ကြ၏။

ကျထောင်ထူအခမ်းအနားတွင် ကလေးနာမည်ကို လူသိနတ်ကြား ကြေညာရ၏။

ခဏအကြာတွင် ဒူဝါကြီးသည် ကလေးကို မြင်ချင်လှပြီဖြစ်သဖြင့် သူ၏ ထိန်နုအိမ်ကြီးထဲသို့ ဝင်လိုက်၏။ ကချင်တို့ ၏ ထုံးတမ်းအစဉ်အလာအရ နေကိုပြသော အခမ်းအနားမပြုလုပ်မီ ကလေးကို နေအိမ်ပြင်ပသို့ ထုတ်လေ့မရှိ။

ဒူဝါကြီး ထိန်နုအိမ်ထဲသို့ ရောက်လျှင် ကလေးမွေးဖွားပေးသော ဖော့နာကော့ဆိုသည့် မိန်းမက ကလေးကို ချီပွေ့၍ ဒူဝါကြီးရှိရာသို့ ယူလာ၏။

ဒူဝါကြီးသည် ကလေးကို စိတ်အားတက်ကြွဟန်ဖြင့် မျက်တောင်မခတ်တန်းကြည့်၍

"ဟား. . .ဟား . . .ဟား. . . ငါ့ရဲ့ ရင်သွေးရပြီ၊ ငါတို့ မျိုးရိုးစဉ်ဆက် ထင်ကျန်ရစ်တဲ့ သမိုင်းပေးတာဝန်ကိုထမ်းဆောင်မယ့် မျိုးဆက်ပေါ်လာပြီ၊ ဒီနေ့ဟာ အင်မတန်ထူးခြားတဲ့ နေ့တစ်နေ့ပဲ"

ဟု ပြောကာ ကလေးကို အားရအောင် ကြည့်ရှုပြီးနောက် ခဏကြာလျှင် ဖော့နာကော့နှင့် မိန်းမများ လက်သို့ ကလေးကို ပြန်လည်အပ်နှံလိုက်လေ၏။

ထို့နောက် အိမ်ရှေ့သို့ ပြန်ထွက်ကာ သူ၏ နေအိမ်ရှေ့တွင် ဝိုင်းအုံနေသော ရွာသားများကို လက်မြှောက်၍ နှုတ်ဆက်လိုက်ပြီး

"ကျထောင်ထူ အခမ်းအနားကို ကြီးကြီးကျယ်ကျယ်လုပ်မယ်၊ မင်းတို့ အားလုံး ဝင်ကူညီကြပါ၊ နတ်ဆရာနီပါလိုအပ်တဲ့ အကူအညီကို ပေးပါ၊ ဒီနေ့ဟာ မင်္ဂလာရှိတဲ့ နေ့ရက်ပဲ၊ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်

တွေ ကောင်းချီးပေးအောင် အစွမ်းကုန်ပူဇော်ရမယ်”

ဟု အမိန့်ပေးလိုက်ရာ ရွာသားများ သည် ဒူဝါကြီးအမိန့်ရှိလိုက်သည့်အတွက် ကျထောင်ထူခေါ် ကလေးမျက်နှာမြင်သော အခမ်းအနား ပြုလုပ်ရန် ခေါင်ရည်၊ အရက်နှင့် ကြက်၊ ဝက်၊ ကျွဲ၊ နွား စသည် တို့ ကို ပြင်ဆင်ကြ၏။

ရွာသူရွာသားများ သည် နတ်များကို ပူဇော်မည်ဆိုသဖြင့် ကျေနပ်နေကြ၏။

ရွာသားများ သည် ဒူဝါကြီး၏ ပွဲဖြစ်သဖြင့် ရှားပါးသော တောင်ဆိတ်များကို သတ်ကာ တစို့ထိုး၍ ကင်ရန် ပြင်ကြ၏။

ရွာသားများ သည် အခြားသောတိရစ္ဆာန်များကိုလည်း သတ်၍ ကျထောင်ထူပွဲအတွက် ပြင်ဆင်ကြ၏။

ညနေသို့ရောက်သောအခါ ကျထောင်ထူအခမ်းအနားကို ကောင်းစွာကျင်းပနိုင်တော့မည်။

ထိုအချိန်တွင် ဒူဝါကြီး၏ ကလေးကို လာရောက်ဖွားမြင်သူများက အမည်ပေးရန် တိုင်ပင်ကြ၏။

ကချင်တို့ ၏ အယူအဆအရ နတ်ဆိုးတို့ ရန်မှ ကင်းလွတ်ရန် ကလေးမီးဖွားသောအချိန်မှ စ၍ အမည်ကို မှ ည့်ခေါ်ပေးလေ့ရှိ၏။

ကလေးအမည်ပေးသူများမှာ ကလေးကို လာရောက်ဖွားမြင်သူများ၏ တာဝန် ဖြစ်၏။

ကလေး၏ အမည်ကို တိုင်ပင်စဉ်းစားနေစဉ် နတ်ဆရာက ဖက်ထုံးကိုကြည့်၍ ကလေးမိခင် မီးထွက်မည့်နေ့ကို ကြော်ငြာလေ၏။ ဤကဲ့သို့ ဖက်ထုံးကိုကြည့်၍ ဟောကိန်းထုတ်ရသောဓလေ့ကို ကချင်များ စွဲစွဲမြဲမြဲ

အသုံးပြုကြ၏။

ထိုအခိုက်မှာ ပင် ကလေးကို မွေးဖွားပေးသောမိန်းမများက ကလေး၏ အမည်ကို လဖိုင်ဂမ်ဟု အမည်ပေးလိုက်၏။

ထိုအမည်ကို ဒူဝါးကြီးကြားသောအခါ ခေါင်းညိတ်၍

“ငါက လဖိုင်တူး၊ ငါ့သားက လဖိုင်ဂမ်၊ ကောင်းတယ်၊ လဖိုင်ဂမ် လဖိုင်ဂမ်၊ ငါတို့ မျိုးနွယ်စုရဲ့ အနာဂတ်ကို ပုံဖော်ရမယ့်တာဝန် မင်းမှာ ရှိနေပြီပဲ၊ မင်းကို အရည်အချင်းရှိတဲ့ ယောကျ်ားကောင်းတစ်ယောက်ဖြစ်အောင် ငါကိုယ်တိုင် လေ့ကျင့်သင်ကြားပေးရမယ်”

ဟု တစ်ကိုယ်တည်း ကြုံးဝါးလေ၏။

ထိုသို့ကြုံးဝါးရင်း ဒူဝါကြီးသည် အနာဂတ်အတွက် အင်အားသတ္တိများ ပြည့်ဝလာသယောင် ခံစားရ၏။

ဒူဝါကြီးသည် သူတို့ မျိုးနွယ်စု၏ အနာဂတ်တာဝန်ကို ထမ်းဆောင်နိုင်ရန် သားယောကျ်ားလေး လိုချင်နေသည် မှာ ကြာခဲ့ပြီ ဖြစ်၏။

သို့သော် သူ၏ မယားသည် ကိုယ်ဝန်သုံးကြိမ်ဖြစ်ပေါ်ခဲ့သော်လည်း ယခုတစ်ကြိမ်သာ အောင်အောင်မြင်မြင် ဖွားမြင်နိုင်ခဲ့၏။

သူသည် ဇနီးသည် ကိုယ်ဝန်ဆောင်နေစဉ် ကိုယ်ဝန်ကို ပျက်ကျစေသော အပြုအမူဟု ယုံကြည်သော ယောကျ်ားဖြစ်သူ ခရီးဝေးသွားခြင်း၊ မြစ်ချောင်းကူးခြင်း၊ ဓားရိုးတပ်ခြင်းကို ရှောင်ကြဉ်ခဲ့၏။

ထို့ပြင် မိခင်ဖြစ်သူကိုလည်း ပျားရည်၊ ဖြူသား၊ မျောက်လွှဲကျော်သား စားခြင်းမှ ရှောင်ကြဉ်စေခဲ့၏။

ထိုအသားများကို စားသောက်လျှင် ကိုယ်ဝန်ပျက်ကျတတ်သည် ဟု

အယူရှိကြ၏။

ကလေးမီးဖွားမှု အောင်မြင်စေရန်အတွက်လည်း အိမ်ဦးနတ်၊ အိမ်နောက်နတ်၊ တောနတ်တို့ ကို ကျေနပ်အောင် ပူဇော်ပသခဲ့၏။

ယခုတော့ နတ်များ ၏ ကူညီစောင့်ရှောက်မှုကြောင့် သားယောက်ျား လေးကို အောင်အောင်မြင်မြင် ဖွားမြင်ခဲ့လေပြီ။

ညနေစောင်းသောအခါ ကလေးမီးဖွားသော အခမ်းအနားပွဲ စတင်ကျင်းပလေ၏။

ဒူဝါကြီး၏ ကလေး မီးဖွားသောအခမ်းအနားသို့ တစ်ရွာလုံးရှိလူများ တက်ရောက်ကြ၏။

ရွာထဲရှိ သက်ကြီးရွယ်အိုများကို လက်ဖက်၊ ဆား စသည့် လက်ဆောင်ပစ္စည်းများကို ပေးအပ်၍ ကလေးကြီးထွားသန်မာပြီး ရောဂါကင်းရှင်းစေရန် ဆုမွန်ကောင်းများ တောင်းခံစေ၏။

ရွာထဲရှိ ငွေကြေးတတ်နိုင်သော ရွာသားများကလည်း ဒူဝါးကြီးကလေးအတွက် ဓား၊လှံ၊ မောင်းစသော လက်ဆောင်ပစ္စည်းများကို ပေးအပ်ကြ၏။

ဒူဝါကြီးသည် မီးပုံကြီးရှေ့တွင် တောင်ဆိတ်ရေခင်းထားသော ကျောက်တုံးကြီးပေါ်တွင် ထိုင်၍ ရွာသူရွာသားများကို ပျော်ရွှင်စွာ စကားပြောဆိုနေကြ၏။

ရွာသူရွာသားများကလည်း ဒူဝါကြီး လိုချင်တောင့်တသော ကလေးရှိပြီဖြစ်သဖြင့် သူတို့ ရွာကို နတ်ကောင်းနတ်မြတ်များ စောင့်ရှောက်မည်ဟု ယုံကြည်နေကြ၏။

ဒူဝါကြီးသည် အရက်နှင့် ခေါင်ရည်များကို အားရအောင် သောက်ပြီး

နောက် မီးနေခန်းထဲတွင် ရှိနေသော မယားဖြစ်သူထံသို့ သွားလေ၏။

မယားဖြစ်သူက အိပ်ရာထဲတွင် လှဲနေရင်း

“ရှင့်ရဲ့ လိုအပ်ဆန္ဒတွေ ပြည့်ပြီမဟုတ်လား”

ဟု လေသံတိုးတိုးဖြင့် မေးမြန်း လိုက်လေ၏။ ဒူးဝါးကြီးက မယားဖြစ်သူကို မှန်အိမ်အလင်းရောင်ဖြင့် ကြည့်ရင်း

“ဟုတ်တယ်၊ ကျုပ်ရဲ့ လိုအင်ဆန္ဒတွေ ပြည့်သွားပြီ၊ ကျုပ်ရဲ့ ကလေးကို အိမ်စောင့်နတ်တွေကို ပူဇော်ပသပြီးပေမယ့် ကလေးမိခင်ရဲ့ ထိန်းသိမ်းစောင့်ရှောက်မှုက အများကြီးအရေးကြီးတယ်၊ ဒါမှ ငါတို့ မျိုးဆက်ရဲ့ သမိုင်းပေးတာဝန်ကို ထမ်းဆောင်ရမှာ ဖြစ်တယ်”

ဟု ပြောလေ၏။

ထိုအခါ မယားဖြစ်သူက ခေါင်းညိတ်၍

“စိတ်ချပါ၊ ရှင့်ရဲ့ ဆန္ဒ ပြည့်ဝရပါစေမယ်၊ နောက်ပြီးတော့ ကလေးကို ဂရုစိုက်ဖို့ ကျွန်မကို တိုက်တွန်းစရာမလိုပါဘူး၊ ကျွန်မက ကလေးမိခင်ပါ၊ မိခင်မေတ္တာက နတ်ဒေဝတာတွေလို အစွမ်းထက်ပါတယ်”

ဟု ပြောလေရာ ဒူဝါးကြီးက သဘောကျဟန်ဖြင့် ရယ်မော၍ “ဟား. . .ဟား. . .ဟား. . .ဟုတ်ပါတယ်၊ မင်းဟာ ရင်သွေးကို အသက်တမျှ ချစ်မယ်ဆိုတာ ငါသိပါတယ်၊ ဒါပေမဲ့ ငါတို့ လဖိုင်မျိုးရိုးရဲ့ အနာဂတ်အတွက် ကလေးကသိပ်အရေးပါတယ်၊ ဒါကြောင့် ငါစိုးရိမ်နေတာ အပြစ်မပြောပါနဲ့ ”

ဟု ဆိုကာ အခန်းထဲမှာ ဒယီးဒယိုင်ဖြင့် ပြန်လည်ထွက်ခွာသွားလေ၏။

"ကလေးရဲ့ နာမည်ကို လဖိုင်ဂမ်လို့ နာမည်ပေးကာ ကျွန်မကြိုက်ပါတယ်၊ လဖိုင်ဂမ်၊ လဖိုင်ဂမ် ငှါသားလေး မင်းရဲ့ ဘဝဟာ အရွယ်နဲ့ မလိုက်အောင် တာဝန်ဝတ္တရားကြီးလှချည်လား၊ ကလေးတောင် အရွယ်မရောက်သေးဘူး၊ မျိုးနွယ်စုရဲ့ အနာဂတ်အတွက် တာဝန်ဝတ္တရားတွေ"

ဟု တီးတိုးရေရွတ်ပြီး ကျန်ရစ်ခဲ့လေတော့၏။

ဒူဝါကြီး၏ အိမ်ပတ်ဝန်းကျင်တွင် အစောင့်တာဝန်ကျသော တပ်သားများမှာ လည်း ခေါင်ရည်အရက်များကို အားပါးတရသောက်၍ ပျော်ရွှင်နေကြလေ၏။

*

ဒူဝါကြီး၏ သားကို ဖွားမြင်ပြီး လေးရက်မြောက်နေ့တွင် ရိုးရာနတ်ကို အပ်နှံသော ခဖရှူးအခမ်းအနားကို ပြုလုပ်လေ၏။

ထိုနေ့တွင် နတ်များကို ပူဇော်ပသ၍ ကလေးကို ကာကွယ်စောင့်ရှောက်ရန် ပန်ကြားရလေ၏။ ကလေးငယ်ကို ဖော့နာကော့ဆိုသည့် မိန်းမကြီးက ပွေ့ချီ၍ နေကိုပြသကာ

"နေကိုကြည့်ဟဲ့၊ နေကိုကြည့်ဟဲ့"

ဟု အကြိမ်ကြိမ် အခါခါ ပြောဆိုလေ၏။

ထိုသို့ပြုလုပ်ပြီးနောက် ကလေးကို အိမ်တွင်းနှင့် အိမ်ပြင် သွင်းချည်၊ ထုတ်ချည် ပြုလုပ်ရလေ၏။

ထိုအခမ်းအနားမပြုလုပ်မီ ကလေးကို အိမ်ပြင်သို့ ထုတ်ရိုးမရှိချေ။

နေကိုပြပြီးမှ သာ ကလေးကို အိမ်ပြင်သို့ထုတ်ရ၏။ ထိုနေ့မှာ ပင် မိခင်ဖြစ်သူ၏ မီးထွက်သော အခမ်းအနားကို ပြုလုပ်ရ၏။

ဒူဝါကြီးသည် ဓားကိုလွယ်၍ လှံကိုကိုင်ကာ ရှေ့မှ ဦးဆောင်၍ ရေဆိပ်သို့ သွားရ၏။

ရေဆိပ်၌ ဒူဝါကြီး၏ မယားက ကိုယ်လက်သန့်စင်ပြီး ရေမိုးချိုးရ၏

။

ထိုသို့ ရေမိုးချိုးပြီးနောက် မယားဖြစ်သူက အရင်ဆုံး အိမ်သို့ပြန်ရပြီး ဒူဝါကြီးက အနောက်မှ လိုက်ကြ၏။

ဒူဝါကြီးသည် မကောင်းဆိုးဝါး အနှောင့်အယှက်များကို ကာကွယ်ရန် အနောက်မှ လိုက်ကြ၏။

ဒူဝါကြီး အိမ်သို့ပြန်ရောက်သောအခါ နတ်များကို မယားဖြစ်သူအား အပ်နှံလေ၏။ ထိုသို့အပ်နှံပြီးနောက် မီးထွက်သော အခမ်းအနား ပြီးဆုံးလေတော့၏။

ဒူဝါကြီး၏ ထိန်နုအိမ်ကြီးတွင် ရွာသူရွာသားများ စုပြုံရောက်ရှိနေကြ၏။

ဒူဝါကြီးသည် စိတ်အားတက်ကြွဟန်ဖြင့် ကလေးကို ပွေ့ချီ၍ ရွာသူရွာသားများ မြင်သာအောင် မြှောက်ပြပြီး

"ကျုပ်ရဲ့ ကလေးဟာ မျိုးနွယ်စုရဲ့ သမိုင်းပေးတာဝန်ကို ထမ်းဆောင်မယ့်ကလေးဖြစ်တယ်၊ ဒါကြောင့် ကလေးကို အားလုံးဝိုင်းဝန်းစောင့်ရှောက်ကြပါ၊ သူဟာ ကျုပ်တို့ အားလုံးရဲ့ အနာဂတ်ကို ပုံဖော်မယ့်ကလေးဖြစ်တယ်၊ သူဟာ ကျုပ်တို့ အားလုံးရဲ့ အနာဂတ် ဖြစ်တယ်"

ဟု ပြောလိုက်ရာ ရွာသူရွာသားများက စိတ်အားတက်ကြွဟန်ဖြင့် ကလေးကို ဘေးမသီရန်မခစေရန် ဝိုင်းဝန်းစောင့်ရှောက်ကြမည်ဖြစ်ကြောင်း ကတိပြုကြလေ၏။

ဒူဝါကြီးက ရွာသူရွာသားများကို ငြိမ်သက်အောင် လက်ကာပြ၍

"ကလေးမွေးဖွားတာနဲ့ ပတ်သက်ပြီးတော့ နတ်ဒေဝတာတွေကို ကျုပ် ပူဇော်ပြီးပြီ၊ ဒါကြောင့် ကျုပ်တို့ ရွာမှာ ဘေးရန်အန္တရာယ်တွေက လွတ်မြောက်အောင် နတ်ဒေဝတာတွေက စောင့်ရှောက်လိမ့်မယ်"

ဟု ပြောဆိုလေ၏။

ထိုအခါ ရွာသူရွာသားများက ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ဝိုင်းဝန်း၍ သြဘာပေးကြလေ၏။

ကချင်တို့ ၏ အယူအဆအရ တောင်၊ ယာ စပါးကောင်းမွန်ပြီး ရာသီဥတုကောင်းမွန်ရန် အုပ်ချုပ်သူ ဒူဝါက နတ်များကို ပူဇော်ပသရမည်ဟု ယုံကြည်ကြ၏။

ထိုသို့ နတ်များကို ပူဇော်ပသရန် အုပ်ချုပ်သူ ဒူဝါများကသာ ပြုလုပ်နိုင်သဖြင့် ဒူဝါများကို လက်အောက်ခံရွာသားများက ဦးစီးခေါင်းဆောင်အဖြစ် တင်မြှောက်ထားကြ၏။

ဒူဝါကြီးက ရွာသားများကို ငြိမ်သက်ရန် လက်ဖြင့်အချက်ပြလိုက်ပြီး

"မကြာမီ ကျုပ်ရဲ့ ရင်သွေးလေး ဖွားမြင်တဲ့ သတင်းကို လက်အောက်ခံရွာတွေဆီကို ရောက်သွားလိမ့်မယ်၊ ဒီသတင်းကြားရင် ဒူဝါတွေအားလုံး ကျုပ်ဆီကို ရောက် လာပြီး ကောင်းချီးပေးကြလိမ့်မယ်၊ ဒါကြောင့် ဒူဝါတွေလာရင် ဧည့်ခံကြိုဆိုဖို့ အတွက် ကြိုတင်ပြင်ဆင်ထားကြပါ။ စားနပ်ရိက္ခာတွေလည်း စုဆောင်းထားကြပါ"

ဟု မှာ ကြားလေ၏။

ထို့နောက် ဒူဝါကြီးသည် သူ၏ လက်အောက်ငယ်သားများကို သီးသန့်ခေါ်ယူ၍ မှာ ကြားလေ၏။

ဒူဝါကြီးသည် ဒူဝါငယ်များကို အုပ်ချုပ်ရသော အင်အားကြီးမားသည့် မုန်းဒူဝါကြီး အမျိုးအစား ဖြစ်၏။ ဒူဝါကြီး၏ လက်အောက်၌ ဒူဝါငယ်များ ရှိကြ၏။

ထိုဒူဝါငယ်များ သည် ဒူဝါကြီး ရင်သွေးငယ်လေး ဖွားမြင်ကြောင်း

သတင်းရလျှင် လက်ဆောင်ပဏ္ဏာများ နှင့်အတူ ရောက်ရှိလာပေလိမ့်မည်။

ဒူဝါကြီးသည် မယားတစ်ယောက်တည်းကိုပင် သစ္စာရှိရှိ ပေါင်းသင်းဆက်ဆံခဲ့သူ ဖြစ်၏။ ကချင်တို့ ၏ အယူအဆအရ သားသမီးမထွန်းကားလျှင် နောက်ထပ်မယား ယူခွင့်ရှိ၏။

မယားယူသော်လည်း ပထမမယားကြီးကိုမူ ထားမြဲတိုင်းထားရ၏။

ဒူဝါကြီးသည် မိန်းမများ တစ်ယောက်ပြီးတစ်ယောက် မဆက်ဆံလို၍ မယားတစ်ယောက်တည်းကိုပင် သည်းခံခွင့်လွှတ်ပြီး ပေါင်းသင်းခဲ့ခြင်း ဖြစ်၏။

ဒူဝါကြီးသည် ယခုအချိန်မှ စ၍ လက်အောက်ခံဒူဝါများ ရှေ့တွင် ဝံ့ဝံ့ကြွားကြွား နေထိုင်နိုင်တော့မည်ဟု တွေးကာ အကျေနပ်ကြီး ကျေနပ်နေလေ၏။

ယခင်ကဆိုလျှင် မိမိ၏ ဒူဝါနေရာကို ဆက်ခံနိုင်မည့် ရင်သွေးမရှိသည့်အတွက် ဒူဝါငယ်များက ကွယ်ရာတွင် ရယ်သွမ်းသွေးမည်ဟု ထင်မြင်နေမိ၏။

ယခုတော့ ရင်သွေးငယ်လေးသည် မုန်းဒူဝါနေရာကို ဆက်ခံ၍ လဖိုင်လူမျိုးနွယ်၏ သမိုင်းပေးတာဝန်ကို ထမ်းဆောင်ပေတော့မည်။

*